# မီးကင်း

လှထွန်းတို့ ရပ်ကွက်ထဲက ရပ်ကွက် ဥက္ကဌက သီဟလမ်းအတွင်း နေထိုင် ကြသော လူကြီးများ တစ်အိမ်တစ်ယောက် ဆိုသလို ဒီညနေ 6 နာရီ ရပ်ကွက်ရုံးသို့ မပျက်မကွက်လာကြရန် လှထွန်းအား အမှာ လွှတ်လိုက်သည်။

လှထွန်းတစ်ယောက် သီဟလမ်းထဲမှာ ထောင်ထောင် ထောင်ထောင်နှင့် ခေါင်းကို မော့လို့ ခေါင်းကို မော့ထားတာလဲ over ဖြစ်နေသည်။ သူ့အကြောင်းသိတဲ့ ရပ်ကွက် အရုံမီးသတ် ကိုမျိုးမြင့်က သူ့ကို အဝေးက အကဲခတ်နေသည်။ ကိုမျိုးမြင့် ဘေးက အကြော်ဖိုပိုင်ရှင် ဦးအေးရီက ကွမ်းတမြုံ့မြုံ့နှင့် လှထွန်း လမ်းလျှောက်လာပုံကို လမ်းထိပ်က တအံ့တသြ ငေးကြည့်နေမိသည်။

ကုန်စုံဆိုင်က ဒေါ်ညွန့်ကတော့ လှထွန်း ဆိုင်အရှေ့က ဖြတ်သွားပုံကိုကြည့်ပြီး သူ့ရင်ထဲ " လှထွန်း ဒီနေ့ ဘာဖြစ်နေပါလိမ့် . . . အရင်ကဆို လှမ်းနှုတ်ဆက်ပြီး ဘာညာ ပြောနေကြ ဒီနေ့ . . အင်း တစ်ခုခုပဲ " ဟု တွေးနေမိသည်။

ဂပ်ရှော့ဆရာ ဦးဆာမိလည်း ထိုနည်းတူပင် ဦးဆာမိက ကားပြင်နေရာမှ လှထွန်း လမ်းလျှောက်ပုံကို ကြည့်ပြီး အထူးအဆန်း ဖြစ်နေသည်။ ဦးဆာမိ တွေးနေတုန်း ဦးဆာမီအိမ်က မွေးထားတဲ့၊ အေးအေးဆေးဆေး အိပ်နေတဲ့ ခွေး ထော်နီကိုပါ လှထွန်းက ဘာမဆိုင် ညာမဆိုင် ကန်ကျောက်သွားသေးသည်။ ထို့အပြင် ဂေါ်လီရိုက်နေတဲ့ ကလေးတစ်သိုက်ကိုလည်း လှထွန်းက

" ဟေ့ မင်းတို့ ဂေါ်လီကို ပိုက်ဆံကြေး မရိုက်နဲ့နော် . . ငါသိရင် ရပ်ကွက်ရုံးပို့မှာ ငါ့မှာ တာဝန် အပြည့်ရှိတယ် . . ရပ်ကွက် အကျင့်ပျက်မဲ့ အလုပ်မျိုး ငါ ဘယ်တော့မှ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး "

ဂေါ်လီရိုက်နေတဲ့ ကလေးတွေက သူ့ကို ကြောင်ကြည့်နေကြသည်။ ကလေး တွေမှာ ပိုက်ဆံကြေး ရိုက်ဖို့ မပြောနဲ့ ဂေါ်လီဝယ်ဖို့တောင် အနိုင်နိုင်။ လှထွန်း လျှောက်ရင်းနဲ့ ရပ်ကွက်ထဲမှာ အအေးဆုံး ကရင်မကြီး ဒေါ်စောဝင်း အိမ်ရှေ့ ရောက်တော့ အိမ်ကို တစ်ချက်ကြည့်ပြီး အိမ်ရှေ့ဦးရပ်ကာ

" ဗျို့ . . ဒေါ်စောဝင်း "

ကရင်မကြီးက အိမ်ထဲက " ဗေ " ဟု တစ်ခွန်းထူးပြီး ထွက်လာတော့ လှထွန်းက ဟန်အပြည့်နဲ့

" ဒီမှာ . . ဒေါ်စောဗင်း အခု ဘာရာသီလဲ . . သိလား "

" အော် . . ငါ့တူရယ် ဒါများ ကလေးမေးတောင် သိတယ် . . ဒီလောက်ပူအိုက်နေတာ နွေရာသီပေါ့ "

" ဘာဗျ . . "

လှထွန်း ရုတ်တရက် ထအော်သံကြောင့် ကရင်မကြီး လန့်သွားပြီး

" ဖြည်းဖြည်းပြောပါ ငါ့တူရယ် . . "

" ဒီမှာ ဒေါ်စော နွေရာသီဆိုတာ ကျွန်တော်သိတယ် . . သိလို့လဲ အခုပြောမလို့ ဘယ်နှယ့်ဗျာ . . အဂတ်လှန်းစရာ ရှားလို့ မီးချိတ်မီးကပ် လုပ်ထားတဲ့ ဂါးလုံးကိုမှ အဂတ်လှန်းရတယ်လို့ . . နောက်ဆို ရေအိတ်၊ သဲအိတ်တွေပါ ယူသုံးအုံးမလား မသိဘူး . . အခု အဂတ်တွေရုတ်ပြီး ဂါးလုံးကို ပြန်ထောင်ထားလိုက် မီးရေး ထင်းရေးဆို ဘယ်နှယ့်လုပ်မလဲ . . "

" ငါ့တူရယ် . . ဒီဂါးလုံးတွေက ဒီတိုင်း ထောင်ထားမယ့် အတူတူ ခဏယူပြီး အဂတ်လှန်းထားတာ ဘာမှ မဖြစ်လောက်ပါဘူး . . "

" မလိုချင်ဘူး . . ဒါ ရပ်ကွက်က ထုတ်ထားတဲ့ စည်းကမ်း ဖောက်ဖျက်ရင် ရပ်ကွက်က ကြည့်မနေဘူး . . ကျွန်တော် အခု ရပ်ကွက်လူကြီးကို သွားပြောရင် ဒေါ်စော ဒဏ်ငွေဆောင်ရမှာ ဘာအောင့်မေ့နေလဲ "

လှထွန်း ဒေါ်စောဆီ လှန်းထားတဲ့ အဂတ်တွေပြန်ပေးပြီး ဂါးလုံးကို သူ့နေရာသူ ပြန်ထားကာ

" ဒါ နောက်ဆုံးဖြစ်ပစေ ဒေါ်စော " ဟု ပြောကာ ထွက်လာခဲ့သည်။ ဒေါ်စော တစ်ယောက် လှထွန်းရဲ့ အဟောက်ကို ခံလိုက်ရသည်။ ဒေါ်စောက အေးသူမို့ လှထွန်း ရပ်ကွက်ရုံးမှာ ဘာဆိုတာ မသိ . . ညော့်စာရင်းစစ်တာ၊ အလှူငွေကောက်တာ

skymoe

ရပ်ကွက်ရုံးက လုပ်တိုင်းပါသဖြင့် ရပ်ကွက်ထဲ အရေးပါ၊ အရာရောက်သူဟုသာ ထင်နေမိသည်။

လှထွန်း သီဟလမ်းထိပ်ရောက်တော့ အရံမီးသတ် ကိုမျိုးမြင့်နှင့် ဦးအေးရီတို့ကို တွေ့တော့

" ဟာ . . ဆရာ ကိုမျိုးမြင့် အတော်ပဲ . . ဦးအေးလဲ ရှိတော့ . . ဦးအေးအိမ် ထိပ်ဆုံးကပဲ စရမှာပဲ . . ဒီလို . . ဦးအေးရေ . . " ဟု ဆိုကာ ရပ်ကွက်လူကြီး သူ့ကို ပြောသည့်အတိုင်း ပြောလိုက်သည်။ ဦးအေးက

" အေး . . သွားရမှာပေ့ါ . . ဒါနဲ့ ဘာကိစ္စများလဲကွ သိလား လှထွန်း "

" အဲ . . ဒါတော့ ရပ်ကွက်လူကြီးက မပြောဘူး . . လာမှာသာ လာခဲ့ပါ " ဟု ဆိုကာ အရံမီးသတ် ကိုမျိုးမြင့်ဘက် လှည့်ပြီး

" ဆရာ ကိုမျိုးမြင့် ကျွန်တော်နဲ့ လိုက်ခဲ့ပါလား . . ကျွန်တော် တစ်ယောက်ထဲ ဆိုတော့ "

ဆရာ မျိုးမြင့်က ရယ်၍ . .

" ဘာလဲ . . လမ်းထဲက လူကြီးတွေ မယုံမှာစိုးလို့လား "

" ဘာဗျ . . မယုံရင် မလာနဲ့ပေ့ါ . . လှထွန်း ပြောတယ်နော် . . မလာတာ လာတာ သူတို့အလုပ် မလာရင် ရပ်ကွက်လူကြီးနဲ့ တွေ့သွားမှာပေ့ါ . . "

ဆရာ ကိုမျိုးမြင့်နှင့် ဦးအေးရီတို့က ရယ်လျှက်

ထို့နောက် တစ်အိမ်ဝင် တစ်အိမ်ထွက် လှထွန်းနှင့် ဆရာမျိုးမြင့်တို့ လိုက်ပြောပြီး နောက်ဆုံးအိမ် ရောက်တော့

" ဗျို့ . . ကိုချစ်ဖေ . . "

လှထွန်းခေါ်သံကြောင့် ကိုချစ်ဖေ ကပျာကရာနှင့် ပုဆိုးကို သေချာပြင်ဝတ်ရင်း ထွက်လာသည်။ ကိုချစ်ဖေနောက်မှာလဲ သူ့မိန်းမ မလုံးတင်လည်း လိုက်လာသည်။

Skymoe

" ဟ . . ကိုချစ်ဖေကလည်း နေခင်းကြောင်တောင် ပူရတဲ့အထဲ . . ဟီး . . ဟီး " ဟု ဆိုကာ မလုံးတင်ကို လှထွန်းနဲ့ ကိုမျိုးမြင့်က ကြည့်ရင်း ရယ်လျှက် ကိုချစ်ဖေက မလုံမလဲနှင့် သူ့မိန်းမကို ကြည့်လိုက်တော့ မလုံးတင်က ဆံပင်တွေ ဖရိုဖရဲ . . မလုံးတင်ကလဲ ကြောင်တောင်တောင်နှင့် သူ့ကို ပြန်ကြည့်နေသည်။

" ဟာကွာ . . မင်းတို့တွေကလဲ ကျန်ကျန်ဖန်ဖန်တွေ တွေးတက်တယ် . . ဒီလောက် ပူရတဲ့အထဲကွာ . . ငါတို့က ဟိုဒင်းဟိုဟာ ပြုမလား၊ ပူလို့ တစ်ယောက်ကို တစ်ယောက် ဖေးမကူညီ နေတာ . . "

" အိုး . . ရှင်ကလည်း ရှင်းရှင်းပြောပါ . . "

" အော် မိန်းမရယ် . . ငါတို့က တစ်ယောက်ကို တစ်ယောက် ဖေးမပြီး တစ်ယောက် တစ်လဲ ယက်ခပ် ပေးနေကြတာကို ပြောတာပါ . . "

မလုံးတင်က မျိုးမြင့်နှင့် လှထွန်းကို ခါးထောက် ၍

" ကဲ . . ဆိုပါအုံး နင်တို့က ဘာကိစ္စ . . နေ့ခင်းကြောင်တောင် ဧည့်စာရင်းတော့ မဟုတ်ပါဘူးနော် . . "

အဲဒီနောက် ကိုမျိုးမြင့်နှင့် လှထွန်းက ရပ်ကွက်ရုံးသို့ ညနေ 6 နာရီအရောက် လာရန် ရပ်ကွက်လူကြီးမှာသည့်အတိုင်း ပြောပြီး ပြုံးစိစိနှင့် ထိုအိမ်မှ ထွက်လာခဲ့ ကြသည်။

အနောက်အရပ်သို့ နေလုံးကြီးဝင်ပြီးဆိုတာနဲ့ ရပ်ကွက်ရုံးအတွင်း စုဝေးရောက်ရှိ နေကြတဲ့ ရပ်မိရပ်ဖများအား ရပ်ကွက်လူကြီးဦးအုံးလှိုင်က မီးအထူးသတိပြုရန်၊ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရန်နှင့် မီးချိတ်မီးကပ် အစရှိသည်များကို ကြိုတင်စီမံရန်၊ လမ်းထိပ်ရှိ ပြိုလုဆဲဆဲ ဖြစ်နေသည့် မီးကင်းကို ပြန်ပြုပြင်ပြီး လမ်းလုံခြုံရေးနှင့် မီးဘေးအန္တရယ် အတွက်ပါ စိတ်ချရအောင် အလှည့်ကျ မီးကင်းစောင့်ရန် မှာကြားပြီး ဦးဆာမိက ဦးဆောင်၍ မီးအန္တရယ်အရှိဆုံး အကြော်ဖိုပိုင်ရှင် ဦးအေးရီကို ကမ္ဘာကထလုပ်ပြီး အကောင်အထည် ဖော်စေခဲ့သည်။

မီးကင်း ဆောက်လုပ်ပြီး သုံးရက်မြောက်ညတွင် လှထွန်းနှင့် ကိုချစ်ဖေတို့ အလှည့် ရောက်လာသည်။ လှထွန်းက ဒေါ်ညွန့်အိမ်အတွက် အစားစောင့်ပေး ရသည်။

လှထွန်းနှင့် ကိုလှဖေတို့ ထိုင်ရင်း ရေနွေးကြမ်းကြကြ သောက်လိုက်၊ စကား ပြောလိုက်နှင့် နံနက် 3 နာရီလောက်ရောက်တော့ ကိုချစ်ဖေက သန်းရင်းနှင့် လှထွန်းအား

" လှထွန်း ငါ ခဏလှဲလိုက်ဦးမယ်ကွာ . . ညက ထမင်းစားတာ များသွားလို့ "

ပြောပြောဆိုဆိုနှင့် ကိုချစ်ဖေ လှဲပြီး အညာစောင်ပါးလေးကို ချုံလိုက်သည်။ လှထွန်းက ရေနွေးကြမ်း ငုံ့ရင်းပြီး သီဟာလမ်းထဲကို ကြည့်ရင်း အမှတ်တမဲ့ လူရိပ် လိုလို မြင်လိုက်ရသည်။

သီဟာလမ်း ဟိုဘက်ထိပ် ဂါးရုံပင်နားလောက်မှာ

" ကိုချစ်ဖေ ထစမ်းပါဗျာ . . ဟိုမှာ လူရိပ်တစ်ခု တွေ့လိုက်လို့ "

ချစ်ဖေ ရုတ်တရက် ထထိုင်ပြီး

" ဟင် . . နောက်တာတော့ မဟုတ်ပါဘူးနော် "

" တကယ်ပြောတာပါဗျာ . . ဟို ဂါးရုံပင်နားက ဒေါ်မြိုင်တို့ အိမ်ရှေ့တည့်တည့် လောက်က "

ကိုချစ်ဖေ သူ့မျက်နှာကို အသေအချာ ပွတ်ပြီး မျက်တောင်မခတ် လမ်းထဲသို့ စိုက်ကြည့်နေသည်။ သူ့ဘေးရှိ လှထွန်းလဲ သူနည်းတူ မျက်တောင်မခတ် . . အချိန် အားဖြင့် 10 မိနစ်နည်းပါးမျှ ကြည့်နေရင်း တုတ်တုန်မှုမလှုပ်၊ ထိုအချိန် သူတို့ ကင်းတဲနှင့် မျက်စောင်းထိုး ဦးအေးရီ အကြော်ဖိုထဲက မီးပွားစများ တစ်ချက်တစ်ချက် ထွက်လာသည်။

သူတို့နှစ်ဦးလုံးက လမ်းထဲက အရိပ်ဆီ အာရုံစိုက်နေကြချိန် ဖြစ်သည့် အလျှောက် အကြော်ဖိုတဲအတွင်း မီးကျွင်းမီးကျန်မှ ထ ၍ မီးပွားမှာ တစ်စတစ်စ ကြီးထွားလာသည်။ အကြော်ဖိုမှာ ဓနိအမိုး၊ ဂါးထရံအကာနှင့် ဖြစ်သည်။

ဂါးရုံပင်နားက အိမ်တွေဆီက မွေးထားသော ခွေးဟောင်သံများ သဲ့သဲ့ ကြားနေ ရသည်။ သူတို့ နှစ်ယောက်လုံး မီးကင်း အတွေ့အကြုံလဲ မရှိ သူတို့ စိတ်ထဲ ကြောက် သလိုလို ရှိလာသည်။ ကိုချစ်ဖေက လှထွန်းအား

" ဟော့ကောင် . . လူရိပ်တော့ မမြင်ရဘူး ခွေးဟောင်သံတော့ ကြားရတယ် "

" အေးဗျာ . . ကျုပ်တော့ မသင်္ကာဘူး . . သွားကြည့်ရမှာလဲ နစ်ယောက်ထဲ "

သူတို့ပြောပြီး ပြန်ငြိမ်သွားကာ လမ်းထဲ ပြန်အာရုံစိုက်နေရင်း အကြော်ဖိုထဲမှ မီးဖွားက အမိုးပေါ်အကျ . . တငွေ့ငွေ့နှင့် မီးခိုးများ တစ်စစ ထွက်လာပြီး မီးတောက် အဖြစ်သို့ ပြောင်းလဲသွားသည်။

အလင်းရောင် မီးအရှိန်ဟပ်မှုကြောင့် ကိုချစ်ဖေနှင့် လှထွန်း မြင်ကာ

" ဟိုမှာ . . မီး "

" မီး "

" မီး ဗျို့ . . မီး "

" ဟေ့ကောင် လှထွန်း အော်မနေနဲ့ . . သံချောင်းခေါက် . . သံချောင်းခေါက် "

" ဟာ . . ကိုချစ်ဖေ သံချောင်းက နေ့လည်က အခိုးခံထားရပါတယ် ဆိုမှ "

" ဟေ . . ဒါဆို မင်းဘေးက ထောင်ထားတဲ့ သစ်သားချောင်းနဲ့သာ ရိုက်ကွာ "

လှထွန်း သစ်သားချောင်းနှင့် ရိုက်ပေမယ့် အသံက ကျယ်ကျယ် မထွက်။ ကိုချစ်ဖေလည်း မီးကင်းထဲမှ ပြေးဆင်းကာ မီးလောင်ရာ အကြော်ဖိုသို့ပြေးရင်း

" ဦးအေးရီ . . မီးဗျို့ မီး . . မီးဗျို့ မီး "

လှထွန်းမှာ သံချောင်းက အသံမကျယ်ဖြင့် ပါးစပ်က

" တောင် . . တောင် . . တောင် . . တောင် "

အဆက်မပျက် အော်နေလိုက်သည်။

ရပ်ကွက်ထဲမှ လူများ ပြေးထွက်လာကြသည်။ လှထွန်းလဲ အော်ရင်း မောလာသဖြင့် အအော်ရပ်ကာ မီးလောင်ရာ အကြော်ဖိုသို့ ပြေးဝင်သွားသည်။

ဦးအေးရီလည်း သူ့အကြော်ဖိုထဲကို ကြည့်ပြီး ပါးစပ်ကလည်း

" ငြိမ်းကြဟေ့ . . ငြိမ်းကြ "

skymoe

ရပ်ကွက်ထဲက လူတွေကလဲ ရေနဲ့ပက်လိုပက် ချိတ်ထားတဲ့ သဲအိတ်၊ ရေအိတ်တွေနဲ့ ပစ်လို ပစ်၊ မီးချိတ် မီးကပ်နဲ့ ဆွဲတဲ့လူက ဆွဲ လုပ်နေချိန် လှထွန်းက အကြော်ဖိုနှင့် ခပ်လှမ်းလှမ်း ဦးအေးရီ အိမ်အောက်ထဲက မနက်အကြော် ကြော်ဖို့ အဆင်သင့်ပြင်ထားတဲ့ မုန့်နှစ်ပုံးတွေကို မပြီး ဘာမပြော ညာမပြောနဲ့ မုန့်နှစ်တွေနှင့် မီးငြိမ်းလေသည်။

ရပ်ကွက်ကောင်းမှုကြောင့် အကြော်ဖိုလေးမှာ သုံးမရအောင် ပြာနီးပါးဖြစ်ပြီး မြေခရရှာလေသည်။ မီးလဲ ရပ်ကွက်လူထုနှင့် လှထွန်းရဲ့ မုန့်နှစ်တွေကို ကြောက်ပြီး မီးစတောင် မမြင်နိုင်လောက်အောင် မုန့်နှစ်များနှင့် ဖုံးကာ တစ်ပြင်လုံး ဖွေးဖွေးဖြူ နေလေသည်။

ခဏအကြာတော့ ရပ်ကွက်လူကြီးများ ရောက်လာကြပြီး ကြည့်ရှုကာ ဒီနေ့ တာဝန်ကြတဲ့ လှထွန်းနှင့် ကိုချစ်ဖေတို့ အပြင် ဦးအေးရီကိုပါ ရပ်ကွက်ရုံးသို့ ခေါ်သွားလေသည်။

ရပ်ကွက်ရုံးတွင် ရပ်ကွက်လူကြီးက

" ကဲ . . ကိုချစ်ဖေနဲ့ လှထွန်း ခင်ဗျားတို့ မီးကင်းနဲ့ လမ်းလုံခြုံရေး ဒီနေ့ အလှည့် မှတ်လား . . "

ကိုချစ်ဖေက

" ဟုတ်ပါတယ် . . ခင်ဗျား "

ညိုးငယ်သော အသံနှင့် လှထွန်းကတော့

" ဟုတ်ပါတယ် . . ကျွန်တော်တို့ တာဝန်ပါ . . ဒါကြောင့်လဲ ဘေးအိမ်တွေ မီးမကူးဘဲ အကြော်ဖိုတဲ တစ်ခုထဲ လောင်ကျွမ်းသွားတာပါ . . မီးသတ်တာမှာလဲ . . နောက်ဆုံးပေါ် စနစ်နဲ့ ငြိမ်းသတ်ထားပါတယ် ဉက္ကဌကြီး ခင်ဗျား "

" အေး . . မီးသတ်တာတော့ ခဏထား၊ ဘာလို့ မီးကင်းက သံချောင်းကို မခေါက်ဘဲ . . မင်းက ပါးစပ်နဲ့ပဲ အော်နေတယ်ဆို . . ငါ့ကို သန်းတင်က ပြောတယ် အဲဒါ ဟုတ်လား "

" ဟုတ်ကဲ့ပါ . . သံချောင်းက နေ့ခင်းထဲက ပျောက်နေတာပါ . . "

" အေး . . ကောင်းရော "

ဥက္ကဋ္ဌဘေးရှိ ဒုဥက္ကဋ္ဌက ဝင်၍

" လှထွန်း . . ဒါနဲ့ မင်းက မီးကို ဘယ်ကနောက်ဆုံးပေါ် စနစ်နဲ့ ဘယ်လို ငြိမ်းသတ်လိုက်တာလဲ "

" ဒါက ဒီလိုရှိပါတယ် . . ဟိုတစ်လောက TV ထဲကနေ အင်္ဂလန်မှာ လေယာဉ်မီးလောင်တော့ မီးသတ်ကားတွေကနေ အဖြူရောင် အရည်တွေနဲ့ လေယာဉ်ကို ပက်ဖြန်းတာ ခဏလေးနဲ့ မီးညွန့်ကျိုးသွားတာ တွေ့ရပါတယ် . . ဒါကြောင့် ဦးအေးရှိ အိမ်အောက်က မုန့်နှစ်တွေနဲ့ ကျွန်တော်ယူပြီး ငြိမ်းလိုက်တာ တစ်ခဏအတွင်း မီးစတောင် မမြင်အောင် ငြိမ်းလိုက်နိုင်ပါတယ် . . ဒါကြောင့် "

လှထွန်း စကားမဆုံးနင် ဦးအေးရှိက

" ဟော . . ကုန်ပါပြီ . . ဗျာ . . "

လှထွန်းက ဆက်၍

" ဒီလိုစနစ်နဲ့ မီးကို အလွယ်တကူငြိမ်းနိုင်ဖို့ ကျွန်တော်တို့ ရပ်ကွက်မှာ အိမ်တိုင်း မုန့်နှစ် တစ်ပုံးဆီ အိမ်ရှေ့မှာ ချိတ်ထားသင့်ကြောင်း ဥက္ကဋ္ဌတို့ကို စေတနာရှေ့ထား၍ အကြံပြုပရစေ "

ရပ်ကွက် တစ်ရုံးလုံးက လှထွန်း စကားကြောင့် မင်တက် သွားကြလေသည်။ ဟုတ်လို ဟုတ်ငြား . . . . . ။

နေနိုင်

skymoe